# အစည်းအဝေး အစီအစဉ်

## အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာ ဆွေးနွေးမှု ကွန်ရက်

## မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း ရှေ့သို့ မျှော်မှန်းချက် - ဥရောပသမဂ္ဂနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများမှ အပြုသဘောဆောင်သော ပံ့ပိုးမှုများကို မည်သို့ ဆောင်ရွက်နိုင်မည်နည်း။

မေလ ၂၃ရက် သောကြာနေ့ ၂၀၁၄
Summit Parkview Hotel၊ အမှတ် ၃၅၀၊ အလုံလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

**၈း၁၅ - ၈း၃၀ အမည်စာရင်းသွင်းခြင်း**

**၈း၃၀ - ၉း၀၀ ဥရောပ သမဂ္ဂ သံအမတ်ကြီး ရိုလန် ကိုးဘီးယားနှင့် EPLO ဒါရိုက်တာ ကက်သရင်း ဝေါလာ့ဒ်တို့မှ ကြိုဆိုနှုတ်ခွန်းဆက် စကားနှင့် အဖွင့် အမှာစကား ပြောကြားခြင်း**

*ယနေ့ အစည်းအဝေးသို့ တက်ရောက်လာကြသူများကို ကြိုဆို နှုတ်ခွန်းဆက်စကားနှင့် အဖွင့် အမှာစကားများဖြင့် လှိုက်လှဲစွာ ကြိုဆိုပြီး အစည်းအဝေး၏ ရည်မှန်းချက်များ၊ ဆောင်ရွက်မည့် နည်းလမ်းများ၊ တက်ရောက်လာသူများ၏ အခန်းကဏ္ဍနှင့် ဆွေးနွေးမည့် မေးခွန်းများကို မိတ်ဆက်ပေးမည်။ ၂၀၁၃ခုနှစ် မတ်လတွင် ဘရက်ဆဲလ်မြို့၌ ကျင်းပခဲ့သော CSDN အစည်းအဝေးနှင့် ချိတ်ဆက်ရန်လည်း အကျဉ်းချုံး ရှင်းလင်း တင်ပြပါမည်။*

**၉း၀၀ - ၁၁း၀၀ အပိုင်း (၁) - မြန်မာနိုင်ငံ၏ အမျိုးသား တွေ့ဆုံဆွေးနွေးပွဲအတွက် အမြင်များ**

<u>ဆွေးနွေးမည့်သူများ</u>

- ဒေါ်နော်ကညောဖော၊ ငြိမ်းချမ်းရေးအတွက် အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖိုရမ် ကော်မတီ အဖွဲ့ဝင်
- ဦးဟန်ရောင်ဝေ၊ ဥရောပ-မြန်မာရုံး၊ တာဝန်ခံ ဒါရိုက်တာ

<u>ဆွေးနွေးပွဲ သဘာပတိ</u> - ကက်သရင်း ဝေါလာ့ဒ်၊ EPLO ဒါရိုက်တာ

*ယခုအပိုင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ နောက်ထပ် အဆင့်တစ်ဆင့်သို့ မျှော်မှန်းဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အမျိုးသား တွေ့ဆုံဆွေးနွေးပွဲအတွက် ယခုလက်ရှိ အစီအစဉ်များ၊ အခြားနိုင်ငံများ၏ အမျိုးသား တွေ့ဆုံဆွေးနွေးပွဲများမှ လေ့လာ သင်ယူစရာ သင်ခန်းစာများ၊ မြန်မာနိုင်ငံအတွက် အမျိုးသား တွေ့ဆုံဆွေးနွေးပွဲနှင့် ပတ်သက်သည့် မတူညီသော အမြင်များကို ဆွေးနွေးမည်။ အောက်ပါမေးခွန်းများကိုလည်း ဆွေးနွေးမည်။*

- မြန်မာနိုင်ငံတွင်း အမျိုးသား တွေ့ဆုံဆွေးနွေးပွဲအပေါ် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အမြင်။ အမျိုးသား တွေ့ဆုံဆွေးနွေးပွဲ၏ အဓိက ရည်မှန်းချက်မှာ ဘာဖြစ်သင့်သနည်း။
- အခြား အမျိုးသား တွေ့ဆုံဆွေးနွေးပွဲများမှ မည်သည့် သင်ခန်းစာများကို လေ့လာ သင်ယူနိုင်ပါသလဲ။

- မြန်မာနိုင်ငံ၏ အမျိုးသား တွေ့ဆုံဆွေးနွေးပွဲတွင် မည်သည့် အကြောင်းအရာများကို ဆွေးနွေး ဖြေရှင်းရမည်နည်း။
- ယခုလက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အမျိုးသား တွေ့ဆုံဆွေးနွေးပွဲနှင့် မည်သို့ ချိတ်ဆက် နိုင်မည်နည်း။
- အမျိုးသား တွေ့ဆုံဆွေးနွေးပွဲတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ မည်သည့်အခန်းကဏ္ဍမှ ပါဝင်သင့်သနည်း။ လုပ်ဆောင်လိုသော အခန်းကဏ္ဍနှင့် ပတ်သက်၍ အရပ်ဘက် လူ့အဖွဲ့အစည်းများမှ ပါဝင်သူများကြား သဘောတူညီချက် ရှိပါသလား။
- အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို အခြားသော ပါဝင်သူများ (အစိုးရ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်) တို့မှ မည်သို့ ထင်မြင်ပါသနည်း။ ဤအမြင်နှစ်ခုကြား ကွာဟချက်ကို မည်သို့ ပေါင်းကူးပေးမည်နည်း။
- အမျိုးသား တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်သူများ မည်သို့ ပါဝင်ဆောင်ရွက်နိုင်မည်နည်း။ ဤတွေ့ဆုံဆွေးနွေးပွဲကို စစ်မှန်သော "အမျိုးသားအဆင့်" ဖြစ်အောင် မည်သို့ ပါဝင် ဖွဲ့စည်း တည်ဆောက်မည်နည်း။

၁၁ - ၁၁း၃၀ **ကော်ဖီသောက်ချိန်**

**၁၁း၃၀ - ၁း၀၀ အပိုင်း (၂) အမျိုးသား တွေ့ဆုံဆွေးနွေးပွဲနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့အတွက် စိန်ခေါ်မှုများ**

<u>ဆွေးနွေးပွဲ သဘာပတိ</u> - မာနူရယ်လ် ဒယ် ရီဗေရား လာမို ဒယ် အက်စ်ပီနိုးဇာ၊ စီမံကိန်း အရာရှိ၊ ဥရောပ သမဂ္ဂ ကိုယ်စားလှယ်အဖွဲ့

*ဤအပိုင်းကို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ယုတ်လျော့စေနိုင်သော ပြဿနာများကို အဓိကထား ဆွေးနွေးရန် ရည်ရွယ်ပြီး အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဥရောပသမဂ္ဂတို့မှ ဖြစ်လာနိုင်ဖွယ်ရှိသော ဤစိန်ခေါ်မှုများကို မည်သို့ ကြိုတင် ရှာဖွေပြီး ကိုင်တွယ် ဖြေရှင်းပြီး အလားအလာရှိသော အန္တရာယ်များကို လျော့ချရန် စသည်တို့ကို အလေးအနက်ထား ဆွေးနွေးကြမည်။ ထို့ပြင် အောက်ပါ မေးခွန်းများကိုလည်း ဆွေးနွေးမည်။*

- မြန်မာနိုင်ငံတွင် အမျိုးသား တွေ့ဆုံဆွေးနွေးပွဲအတွက် အဓိက စိန်ခေါ်မှုများမှာ မည်သည့်တို့နည်း။
- ထိရောက်သည့် အမျိုးသား တွေ့ဆုံဆွေးနွေးပွဲဖြစ်လာနိုင်ရန် စိန်ခေါ်မှုများကို မည်သို့ ကိုင်တွယ် ဖြေရှင်းမည်နည်း။
- မြန်မာနိုင်ငံ၏ ပိုမို ကျယ်ပြန့်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အဓိက စိန်ခေါ်မှုများမှာ မည်သည်တို့နည်း။ ရေတိုနှင့် ရေလတ်ကာလများအတွင်း အဓိက ပဋိပက္ခဆိုင်ရာ အန္တရာယ်များမှာ မည်သည်တို့နည်း။
- မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်းရှိ အန္တရာယ်များကို တားဆီးကာကွယ်နိုင်ရန် မည်သည့်နည်းဗျူဟာများနှင့် ဆောင်ရွက်မည်နည်း။ ထိုကြိုးပမ်းမှုတွေကို ဥရောပသမဂ္ဂနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများမှ မည်သို့ထောက်ပံ့နိုင်မည်နည်း။

၁း၀၀ - ၂း၀၀ **နေ့လည်စာစားချိန်**

၂း၀၀ - ၄း၀၀ **အပိုင်း(၃) မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် ဥရောပသမဂ္ဂနှင့် အခြားပါဝင်သူများမှ ထောက်ပံ့ ပေးခြင်း**

<u>ဆွေးနွေးမည့်သူ</u> - ဥရောပ သမဂ္ဂ သံအမတ်ကြီး ရိုလန် ကိုးဘီးယား

<u>ဆွေးနွေးပွဲ သဘာပတိ</u> - ကက်သရင်း ဝေါလာ့ဒ်၊ EPLO ဒါရိုက်တာ

*ဤအပိုင်းသည် ၂၀၁၃ခုနှစ် မတ်လတွင် ဘရတ်ဆဲ(လ်)မြို့၌ ကျင်းပခဲ့သော ပထမအကြိမ် မြန်မာ CSDN အစည်းအဝေး၌ ဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ဥရောပသမဂ္ဂနှင့် ပြင်ပမှ ပါဝင်သူများမှ ထောက်ပံ့*

*ကူညီခြင်းဆိုသော အကြောင်းအရာကို ဆက်လက် ဆွေးနွေးခြင်း ဖြစ်သည်။ ဆွေးနွေးပွဲတွင် ပါဝင်သူများမှ ဥရောပသမဂ္ဂကို ကိုယ်စားပြုပြီး မှတ်ချက်အကျဉ်းများ ဆွေးနွေးပေးမည်ဖြစ်ပြီး ပွင့်လင်းစွာ ဆွေးနွေးခြင်းနှင့် အမေးအဖြေ ကဏ္ဍများကို သဘာပတိမှ မျှတအောင် ပံ့ပိုးပေးပါမည်။ ထို့ပြင် အောက်ပါ မေးခွန်းများကိုလည်း ဆွေးနွေးမည်။*

- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ကူညီ ထောက်ပံ့ရာတွင် ဥရောပသမဂ္ဂနှင့် အခြားသော ပြင်ပမှ ပါဝင်သူများမှ မည်သည့် အခန်းကဏ္ဍမှ ပါဝင်သင့်သနည်း။ မည်သည်တို့ကို ရှောင်ရှားရမည်နည်း။
- ၎င်းတို့သည် အမျိုးသား တွေ့ဆုံဆွေးနွေးပွဲကို ထောက်ပံ့ ကူညီသင့်သလား။ ဘာကြောင့်လဲ ကူညီ သင့်သလဲ/ မကူညီသင့်တာလဲ။ မည်သည့်အခြေအနေမျိုးမှာလဲ။
- ဥရောပသမဂ္ဂနှင့် ပြင်ပမှ ပါဝင်သူများ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ထောက်ကူမှု စီမံကိန်းများကို ပုံစံဒီဇိုင်း ရေးဆွဲသည့်အခါ မည်သို့လုပ်ငန်းစဉ်ဖြင့် စီစဉ်ပါသလဲ။ ထိုအစီအစဉ်များသို့ အရပ်ဘက် လူ့အဖွဲ့အစည်းများမှ မည်သို့အချက်အလက်များ ထည့်သွင်းနိုင်သနည်း။ ထိုအစီအစဉ်များကို ပြည်သူများအား မည့်သို့ အသိပေး ဆောင်ရွက်မည်နည်း။
- မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ကူညီထောက်ပံ့ရာတွင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် ယှဉ်ပြိုင်မှုကို မည်သို့ ရှောင်ရှားနိုင်ပြီး အကောင်းဆုံးသော အလေ့အထများကို သေချာအောင် မည်သို့ လုပ်ဆောင်မည်နည်း။
- ဥရောပသမဂ္ဂမှ မြန်မာနိုင်ငံကို ပဋိပက္ခ အထိမခံနိုင်အောင် တုန့်ပြန်လွယ်မှုကို လက်တွေ့ ကျင့်သုံးရာတွင် မည်သည့် အခက်အခဲ အတားအဆီးများ ရှိပါသလဲ။ ဥရောပသမဂ္ဂ၏ (ဥပမာ - ကုန်သွယ်ရေး၊ ဖွံ့ဖြိုးရေး စသဖြင့်) အခြားသော မူဝါဒများက ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဥရောပ သမဂ္ဂမှ ကူညီထောက်ပံ့ရာတွင် မည်သို့ အကျိုးသက်ရောက်ပါသနည်း။
- အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဥရောပသမဂ္ဂ ကိုယ်စားလှယ်များနှင့် အမေးအဖြေများ။

**၄း၀၀ - ၄း၃၀ ကော်ဖီသောက်ချိန်**

**၄း၃၀ - ၅း၃၀ အကြံပြုချက်များနှင့် ရှေ့ဆက်သွားမည့် ခြေလှမ်းများအတွက် ဆွေးနွေးမှု**

<u>ဆွေးနွေးပွဲ သဘာပတိ</u> - ဆာရာ လက်ဗစ်တ်ရော၊ EPLO

**၅း၃၀ - ၆း၀၀ ဆွေးနွေးပွဲ လက်စသတ်ခြင်း၊ ကျေးဇူးတင်စကား ပြောကြားခြင်းနှင့် နိဂုံးချုပ်အစီအစဉ်**

---

**အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာ ဆွေးနွေးမှု ကွန်ရက်**

အရပ်ဘက် လူ့အဖွဲ့အစည်းဆိုင်ရာ ဆွေးနွေးမှု ကွန်ရက် (CSDN)သည် ဥရောပ သမဂ္ဂ (တည်ငြိမ် အေးချမ်းမှု ဆိုင်ရာ ကိရိယာနည်းလမ်း)မှ ငွေကြေး ထောက်ပံ့ထားသော သုံးနှစ် စီမံကိန်း ဖြစ်သည်။ ရည်ရွယ်ချက်မှာ အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ဥရောပ သမဂ္ဂ၏ မူဝါဒ ရေးဆွဲသူများအကြား ငြိမ်းချမ်းရေး တည်ဆောက်မှုဆိုင်ရာ ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးရာတွင် ကူညီပံ့ပိုးပေးရန် ဖြစ်သည်။ ဥရောပ ကော်မရှင်နှင့် ဥရောပ ပြင်ပရေးရာ ဝန်ဆောင်မှုအဖွဲ့တို့နှင့် ပူးပေါင်းပြီး ဤလုပ်ငန်းစဉ်အား ဥရောပ ငြိမ်းချမ်းရေး တည်ဆောက်မှု ဆက်ဆံရေးရုံး European Peacebuilding Liaison Office (EPLO)မှ စီမံခန့်ခွဲသည်။ CSDN၏ ဒုတိယအဆင့် ဆောင်ရွက်မှုများမှာ ၂၀၁၄မှ ၂၀၁၆ခုနှစ် အထိဖြစ်သည်။ CSDNနှင့် ပတ်သက်၍ သတင်းအချက်အလက်များ ပိုမိုသိလိုပါက <u>EPLO website</u> EPLO အင်တာနက်စာမျက်နှာ <u>http://www.eplo.org/civil-society-dialogue-network.html</u> တွင် ဝင်ရောက် ကြည့်ရှုနိုင်ပါသည်။